# မဲပေးဖို့စာရင်းသွင်းပါ။

## သင်၏ပြောသံဆိုသံကိုကြားကြောင်း သေချာစေရန် ၅ မိနစ်သာကြာပါသည်။

လော့စ်အန်းဂျလစ္စကောင်တီ မှတ်ပုံတင်အရာရှိ-မှတ်တမ်းတင်သူ/ကောင်တီစာရေး (RR/CC) ၌ လာမည့် ပြည်နယ်လုံးကျွတ် တိုက်ရိုက် အခြေခံရွေးကောက်ပွဲတွင် သင်မဲထည့်ရန် လိုအပ်သည့်အရာအားလုံး ရှိသည်။ မဲစာရင်းသွင်းခြင်းသည် လျင်မြန်လွယ်ကူပြီး အွန်လိုင်းမှ လုပ်ဆောင်နိုင်သည်။

ရွေးကောက်ပွဲအတွက် သင်ပြင်ဆင်ပြီး မဲပေးရန် စီစဉ်နိုင်ပုံတို့ကို လေ့လာပါ။

## ကျွန်ုပ်မည်သို့မဲစာရင်းသွင်းနိုင်သနည်း။

သင်သည် မကြာသေးမီက ပြောင်းရွှေ့ပါက၊ ပထမဆုံးအကြိမ် မဲပေးပါက၊ သို့မဟုတ် အယ်လ်အေကောင်တီတွင် လူသစ်ဖြစ်ပါက စာတိုက်မှထည့်ရန်မဲပြားရရှိဖို့ ၂၀၂၆ ခုနှစ် မေလ ၁၈ ရက် နောက်ဆုံးထား၍ မဲစာရင်းသွင်းရပါမည်။

PLAN.LAVOTE.GOV သို့သွားခြင်းက မဲစာရင်းသွင်းဖို့အရိုးရှင်းဆုံးနည်း ဖြစ်သည်။

သင်သည် နောက်ဆုံးသတ်မှတ်ရက်ကို လွတ်သွားပါက မည်သည့်မဲစင်တာမဆိုသို့ မဲထည့်ရန်သွားသည့်အခါ မဲစာရင်းသွင်းနိုင်ပါသေးသည်။



### ၂၀၂၆ ပြည်နယ်လုံးကျွတ် အခြေခံရွေးကောက်ပွဲအတွက် အဓိကရက်စွဲများ

**ဧပြီလ ၃၀ ရက်**
စာတိုက်မှထည့်ရန်မဲပြားများ စတင်ရောက်ရှိပြီး မဲထည့်ပုံးများ ဖွင့်သည်

**မေလ ၁၈ ရက်**
စာတိုက်မှထည့်ရန်မဲပြားရရှိရန် အွန်လိုင်းမှမဲစာရင်းသွင်းဖို့ နောက်ဆုံးနေ့

**မေလ ၂၃ ရက်**
လူကိုယ်တိုင်မဲပေးရန် မဲပေးစင်တာများ ပထမဆုံးဖွင့်သည်

**မေလ ၃၀ ရက်**
မဲပေးစင်တာအားလုံး ဖွင့်သည်
မနက် ၁၀း၀၀ နာရီ - ည ၇း၀၀ နာရီ

**ဇွန်လ ၂ ရက်**
မဲပေးရန်နောက်ဆုံးနေ့။မနက် ၇း၀၀ နာရီ - ည ၈း၀၀ နာရီ

Official Information

# ကျွန်ုပ်မဲပေးဖို့အတွက် ရွေးချယ်စရာများက အဘယ်နည်း။

သင်၏မဲပေးရန်အတွက် သင်၌ ပြုပြင်ပြောင်းလဲရန် လွယ်ကူပြီး အဆင်ပြေသည့် အောက်ပါရွေးချယ်စရာများ ရှိသည်-

## ၁။ ဧပြီလ ၃၀ ရက်မှစ၍ မဲထည့်ပုံးတစ်ခုတွင် သွားထည့်ပါ။

အချိန်ကုန်သက်သာပြီး လူတန်းများကို စောင့်ရန်မလိုပါ။

အယ်လ်အေကောင်တီတစ်ဝန်းရှိ တရားဝင်မဲထည့်ပုံး ၄၀၀ ကျော်၏ တည်နေရာတစ်ခုတွင် သင်၏မဲပြားကို ပြန်ပေးနိုင်သည်။ PLAN.LAVOTE.GOV ၌ သင်နှင့်နီးသည့် မဲထည့်ပုံး တစ်ခုကို ရှာပါ။

## ၂။ စာတိုက်မှ မဲထည့်ပါ။

ဧပြီလ ၃၀ ရက်မှစ၍ အယ်လ်အေကောင်တီရှိ မဲစာရင်းသွင်းထားသည့် မဲဆန္ဒရှင်တိုင်းထံ မဲပြားများကို စာတိုက်မှပို့ပါသည်။ ဖြည့်သာဖြည့်ပြီး ပြန်ပို့သည့်စာအိတ်တွင် လက်မှတ်ထိုးကာ — ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး ၇ ရက်ကြိုတင်၍ အမြန်ဆုံး ပြန်ပို့ပါ။

## ၃။ မေလ ၂၃ ရက်မှစ၍ မည်သည့်မဲစင်တာမဆိုသို့ သွားပါ။

အယ်လ်အေကောင်တီမဲဆန္ဒရှင်များသည် မည်သည့်မဲစင်တာတွင်မဆို မဲထည့်နိုင်သည်။

PLAN.LAVOTE.GOV ၌ သင့်အနီးရှိ မဲစင်တာကိုရှာပြီး ရွေးကောက်ပွဲနေ့ မတိုင်မီ မဲပေးရန် အစီအစဉ်လုပ်ပါ။

